# အတ္တလန်တိတ်ချာတာ (၁၉၄၁)

အမေရိကန်ပြည်ထောင်စုသမ္မတဖရန်ကလင်ရုစဗဲ့နှင့် ဗြိတိန်ဂုန်ကြီးချုပ်ချာချီတို့ တွေ့ဆုံပြီး ကမ္ဘာကြီးအတွက် ပ ပိုမို ကောင်းမွန်သောအနာဂတ်တစ်ခုကို တည်ဆောက်ရန် မိမိတို့၏မျှော်မှန်းချက်များကို အခြေခံပြီး သက်ဆိုင်ရာ နိုင်ငံများ၏ ပြည်တွင်းမူဝါဒများ ချမှတ်ရာတွင် သိရှိထားရမည့် ဘုံအခြေခံမူများနှင့် ပတ်သက်ပြီး ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်သည်။

ပထမဆုံးအချက်အနေဖြင့် မိမိတို့နိုင်ငံများသည် နယ်မြေချဲ့ထွင်ခြင်း သို့မဟုတ် အခြားနယ်ပယ်များ ချဲ့ထွင်ခြင်း မပြုရ။

ဒုတိယအနေဖြင့် သ က်ဆိုင်ရာပြည်သူများက လွတ်လပ်စွာဖော်ပြထားသည့် သဘောဆန္ဒများနှင့်မညီဘဲ နယ်မြေ အပြောင်းအလဲများမပြုလုပ်ရန် မိမိတို့ဆန္ဒပြုကြသည်။

တတိယအချက်အနေဖြင့် မိမိတို့ရှင်သန်နေထိုင်သည့်တိုင်းပြည်ရှိ အစိုးရပုံစံအား ပြည်သူများ၏ ရွေးချယ် ယ်ခွင့်ကို လေးစားလိုက်နာပြီး အဓမ ္မထိခိုက်ဖျက်ဆီးခံရသူများအား အခ အချုပ်အခြာအာဏာအခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပြန်ရစေလိုသည်။

စတုတ္ထအချက်အနေဖြင့် ၄ င်းတို့၏ လက်ရှိလိုက်နာရမည့် ဂတ္တရားများကို အပြည့်အဝ လေးစားလိုက်နာမှုနှင့်အတူ တု တိုင်းပြည် ကြီးသည်၊ ငယ်သည်၊ အောင်နိုင်သူ သို့မဟုတ် ရှုံးနိမ့်သူစသည်မခွဲဘဲ တိုင်းပြည်အားလုံးသည် မိမိတို့တိုင်းပြည် စီးပွားရေး တိုးပွားရေးအတွက် လိုအပ်သည့် ကမ္ဘာပေါ်ရှိကုန်ကြမ်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို တန်းတူညီမျှစွာ ရယူသုံးစွဲ ခံစားပိုင်ခွင့် ရှိရမည်။

ပဥ္စမအချက်အနေဖြင့် နိုင်ငံအားလုံးအတွက် တိုးတက်ကောင်းမွန်သော အလ အလုပ်သမားရေးရာစံနှုန်းများ၊ စီးပွားရေး မြှင့်တင်ရေးများနှင့် လူမှုဖူလုံရေးများဖြစ်ထွန်းလာစေရေးနှင့်အတူ စီးပွား ားရေးနယ်ပယ်တွင် နိုင်ငံများအကြား အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ခြင်းကို မိမိတို့ ဆောင်ကျဉ်းလိုကြသည်။

ဆဌမအချက်အနေဖြင့် နာဇီအာဏာရှင်၏ နောက်ဆုံးဖျက်ဆီးမှုများပြီးနောက် နိုင်ငံများအားလုံးရှိပြည်သူများ မိမိတို့ တိုင်းပြည် နယ်နိမိတ်အတွင်း လုံ ခြုံစွာနေထိုင်နိုင်ကြပြီး နေရာတိုင်းရှိ လူတိုင်းသည် ၄င်းတို့၏ဘဝများတွင် ကြောက်ရွံ့ခြင်းမှ ကင်းဝေးပြီး ဆန္ဒအတိုင်းနေထိုင်နိုင်ကြမည့် ခိုင်မာသည့်ငြိမ်းချမ်းရေးတစ်ရပ်မြင်တွေ့နိုင်ရန် မိမိတို့မျှော်လင့်သည်။

သတ္တမအချက်အနေဖြင့် လူတိုင်းသည် ပင်လယ်သမုဒ္ဒရာများကို အဟန့်အတားမရှိ သွားလာနိုင်မည့် ငြိမ်းချ ချမ်းရေး တစ်ရပ်ဖြစ်ရမည်။

အဌမအချက်အနေဖြင့် က ကမ္ဘာပေါ်ရှိတိုင်းပြည်များအားလုံးသည် အင်အားသုံးခြင်းကို ဆန့်ကျင်လာစေရင် တကယ် ပက ပကတိအားဖြင့်သော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း ကျင့်သုံးကြမည်ဟု ၄ င ၄င်းတို့ ယုံကြည်ကြရမည်။ မြေပိုင်နက်၊ ရေပိုက်နက်၊ လေပိုက်နယ်များတွင် ခြိမ်းခြောက်ပြီး သို့မဟုတ် ခြိမ်းခြေ ခြောက်ဖွယ်ပြုခြင်း၊ မိမိတို့နယ်မြေပြင်ပတွင် ရန်ပြုခြင်းတို့အား နိုင်ငံများက ဆ က်လက်ပြုလုပ်နေမ ည်ဆိုပါက ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းနိုင်မည် မဟုတ်သည့် အတွက် ယင်းသို့သောနိုင်ငံများက လက လက်နက်များကို မဖြစ်မနေစွန့်လွှတ်စေရမည့် ပိုမိုကျယ်ပြန့်ပြီး အငြ အမြဲတမ်းထားရှိရမည့် ယေဘုယျလုံခြုံရေးစနစ်တစ်ခု ထူထောင်နေခြင်းအား ၄င်းတို့ ယု ယုံကြည်ရမည်။ လက်နက်များ၏ဂုန်ထုတ်ပိုးများအား ဖယ်ရှား လိုသည့် ငြိမ်းချမ်းရေးလိုမြတ်နိုင်သော လူသားများအတွက် အလင်းရောင်ဖြစ်စေမည့် လက်တွေ့ကျသော အခြားဆောင်ရွက်မှု များအားလုံးကို အထောက်အပံ့ပြု အားပေးမှုမျိုးကို ၄င်းတို့လုပ်ဆောင်ကြရလိမ့်မည်။

**လက်မှတ်ရေးထိုးသူများ။ ။**

ဖရန့်ကလင် ဒီ ရုစဗဲ့နှင့် ဝင်စတန် အက်စ် ချာချီ

# ကုလသမဂ္ဂ၏ ကြေညာချက်

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ တရုတ်၊ သြ သြစတြေးလျ၊ ဘယ်လ်ဂျီယန်၊ ကနေဒါ၊ ကော်စတာရီကာ၊ ကျူးဘား၊ ချက်ကိုစလိုဗက်ကီးယား၊ ဒိ ဒိုမီနီကန်သမ္မတနိုင်ငံတော်၊ အယ်လ်ဆာဗေဒိုး၊ ဂရိ၊ ဂွာတီ မာလာ၊ ဟေတီ၊ ဟွန်ဒူးရ ပ်၊ အိန္ဒိယ၊ လူဇင်ဘတ်၊ နယ နယ်သာလန်၊ နယူးဇီလန်၊ နီကာရာဂွာ၊ နော်ဝေ၊ ပနားမား၊ ပိုလန်၊ တောင် အာဖရိက၊ ယူဂိုဆလပ်ဗီးယား

အစိုးရများက ဤနေရာတွင် လက်မှတ်ရေးထိုးကြသည်မှာ။ ။

၁၉၄၁ သြဂုတ်လ ၁၄ ရက်နေ့တွင် အမေရိကန်သမ္မတ၊ ⌊⌋ ဗြိတိန်နှင့် မြောက်အိုင်ယာလန်ဝန်ကြီးချုပ်တို့ ရေ ရေးထိုးခဲ့သည့် အတ္တလ န်တိတ်ချာတာဟု အမည်ရသော ပူးတွဲကြေညာချက်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများ၏ ဘု ဘုံအစီအစဉ်တစ်ရပ်တွင် ပါဝင်ခဲ့ကြပါသည်။

အသက်အိုးအိမ်၊ လွတ်လပ်ရေး၊ လွတ်မြောက်ရေး၊ ဘာသာရေးလွတ်လပ်မှုတို့ကို ကာ ကာကွယ်ရန်၊ မိမိတို့နယ်မြေတွင် ဖြစ်စေ၊ အခြားနယ်မြေများတွင်ဖြစ်စေ လူ့အခွင့်အရေးနှင့် တရ တရားမျှတမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့၏ရန်သူများအပေါ် အပြည့်အဝအောင်ပွဲခံရအောင် တု တိုက်ပွဲဝင်ခြင်းသည် မရှိမဖြစ်တိုက်ပွဲပင်ဖြစ်ပြီး ကမ္ဘာ⌊⌋ ကီးအားသိမ်းပိုက်ရန်ကြိုးပမ်းနေသည့် ရက ရက်စက်ကြမ်းကြုတ်သောအင်းအားများကို ဆန့်ကျင်ကာ ဘုံတိုက်ပွဲတစ်ရပ်ကို ယခုအချိန်တွင် မိမိတို့ဆင်နွှဲနေကြသည်။

**ကြေညာချက်။ ။**

၁။စစ်ပွဲဆင်နွှဲနေကြသော သုံးပွင်ဆိုင်သဘောတူစာချုပ်အဖွဲ့ဝင်များနှင့် ၎င်းတို့အားထောက်ခံသည့်အစိုးရများအား ဆန့်ကျင်တိုက်ခိုက်ရန် မိမိတို့၏ ရင်းမြစ်များ၊ စစ်ရေး သို့မဟုတ် စီးပွားရေးအင်အားများကို အ⌊⌋ အပြည့်အဝအသုံးပြုပါမည်ဟု အစိုးရတစ်ဖွဲ့ချင်းစီက ကတိပြုအပ်ပါသည်။

၂။ ယခုချာတာတွင်ပူးပေါင်းပါဝင်ရန်လက်မှတ်ရေးထိုးကြသည့် အစိုးရများသည် ရန်သူများနိုင်ငံများနှင့် သီးခြားစစ်ပွဲ ဆင်နွှဲခြင်း သို့မဟုတ် ငြိမ်းချမ်းရေးရယူခြင်းမပြုလုပ်ပါဟု အစိုးရတစ်ရပ်ချင်းစီက ကတိပြုအပ်ပါသည်။

ဟစ်တလာဂါဒအပေါ် အနိုင်ယူအောင်ပွဲဆင်ရန်အတွက် တိုက်ပွဲဆင်နွှဲရာတွင် ပစ္စည်းကိရိယာများ ထောက်ပံ့ပါဝင် ကြသည့် သို့မဟုတ် ပါဝင်ကြမည့် အခြားနိုင်ငံများကလည်း လက်ရှိကြေညာချက်ကို လိုက်နာကြရမည်ဖြစ်သည်။

**၁၉၄၂ ဇန်နဝါရီ ၁ရက်နေ့တွင် ဝါရှင်တန်၌ လက်မှတ်ရေးထိုးသည်။**